# တက်ကြွလှုပ်ရှားသူ

## အပိုင်း (၃)

### တက်ကြွလှုပ်ရှားမှုနဲ့ အခြေခံဥပဒေ

လွတ်လပ်တယ်၊ တရားမျှတတယ်၊ တန်းတူညီတူဖြစ်တယ်၊ လူ့အခွင့်အရေးတွေ အပြည့်အ၀ ခံစားရတယ် အစရှိတာတွေဟာ ဒီမိုကရေစီ ခံစားခွင့်တွေပါဘဲ။ ဒီမိုကရေစီအကြောင်း ပိုသိလာတဲ့အခါ ဒီမိုကရေစီကို ပြည်သူတွေက ပိုပြီး နှစ်သက်လာကြပါတယ်။ ဒါကြောင့် ဒီမိုကရေစီဖြစ်ထွန်းတာကို အာဏာရှင်ကလွဲလို့ ဘယ်သူမဆို အမှန်တကယ် လိုလားကြပါတယ်။ ဒီမိုကရေစီ ရပိုင်ခွင့်တွေ မရသေးရင် တောင်းဆိုဖို့ မလွဲမသွေ လှုပ်ရှားလာတတ်ကြပါတယ်။ အစိုးရ လုပ်ရပ်တိုင်းကိုလည်း လူထုက သဘောတူနေမှာမဟုတ်တဲ့အတွက် ကန့်ကွက်ဆန့်ကျင်ဖို့ လှုပ်ရှားလာကြတာတွေလည်း ရှိကိုရှိနေမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံမှာ အစိုးရကို လူထုက ကန့်ကွက်ဆန့်ကျင်တာဖြစ်ဖြစ်၊ အစိုးရကို တောင်းဆိုတာဖြစ်ဖြစ် လူထုလှုပ်ရှားမှုတွေ ရှိလာရင် အစိုးရက တားဆီးပိတ်ပင် ဟန့်တားတာတွေ မလုပ်ရပါဘူး။ ဒါဟာ လူထုရဲ့ ရပိုင်ခွင့် ဖြစ်ပါတယ်။ ရပိုင်ခွင့်ရှိတယ်လို့ အခြေခံဥပဒေမှာ အတိအလင်း ပြဋ္ဌာန်းပြီးသား ဖြစ်နေရပါတယ်။ လက်တွေ့မှာလည်း အမှန်တကယ် ကျင့်သုံးနိုင်ခွင့် ရှိနေရပါတယ်။

ပြည်သူတွေအနေနဲ့ သိသင့်သိထိုက်တဲ့ ရွေးကောက်ပွဲ အခြေခံဗဟုသုတတွေကို ပညာပေးဖို့ အစိုးရရော၊ နိုင်ငံရေးပါတီတွေဘက်ကပါ ပျက်ကွက်လေ့ရှိကြပါတယ်။ သူတို့ဟာ ကျောင်းသင်ရိုးတွေမှာ ဒီမိုကရေစီကျင့်ဝတ်တွေကို ပြည်သူနီတိ ပုံစံမျိုးနဲ့ အခြေခံပညာအတန်းအလိုက်ပို့ချပြီး နောက်မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပေးဖို့ အလေးအနက် မထားကြပါဘူး။ ဒီမိုကရေစီအကြောင်း လူထု ပညာပေးရေးလုပ်နေတဲ့ စာပေလောကနဲ့ မီဒီယာတွေ၊ အစိုးရ မဟုတ်တဲ့ အသင်းအဖွဲ့(NGOs)တွေကို သူတို့ကိုယ်တိုင်က အားပေးဖို့ မေ့လျော့နေတတ်ကြပါတယ်။

အစိုးရနဲ့ နိုင်ငံရေးပါတီတွေဘက်က ပျက်ကွက်တာကို ကြားဝင်ကွက်လပ်ဖြည့်ပေးသူတွေကတော့ များသောအားဖြင့် လူထုထဲက အမြော်အမြင်ကြီးမားသူတွေ ဖြစ်ပါတယ်။ များသောအားဖြင့်မှာတော့ အခြေခံပညာရေးအတွက် ကျောင်းသင်ရိုးတွေကို အစိုးရက ချုပ်ကိုင်ထားတတ်တာဖြစ်လို့ လူထုအနေနဲ့ တကူးတက တိုက်ပွဲဝင်မှသာ အခြေခံဥပဒေကနေ ပြဋ္ဌာန်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် တက္ကသိုလ်လို အဆင့်မြင့်တန်းတွေမှာတော့ ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းခွင့် ရနေတာကြောင့် သမဂ္ဂအဖွဲ့ဝင် ကျောင်းသားတွေက ကျောင်းသင်ရိုး၊ ကျောင်းစည်းကမ်းတွေနဲ့ ပတ်သက်ပြီး တက်ကြွလှုပ်ရှားမှုတွေ လုပ်ကြပါတယ်။ ဒီမိုကရေစီ မဟုတ်တဲ့ နိုင်ငံတွေမှာတော့ ကျောင်းသားသမဂ္ဂတွေကို လွတ်လပ်စွာ ဖွဲ့စည်းခွင့် မရသေးလို့ တက်ကြွတဲ့ ကျောင်းသားတွေဟာ နည်းလမ်းအမျိုးမျိုးနဲ့ လှုပ်ရှားကြရပါတယ်။

အမြော်အမြင်ကြီးမားတဲ့လူထုဟာ လူထုပညာပေးတွေ လုပ်ရင်းကိုင်ရင်းနဲ့  တက်ကြွလှုပ်ရှားသူတွေ ဖြစ်လာကြပါတယ်။ လွတ်လပ်စွာ စာပေရေးသား ထုတ်ဝေဖြန့်ချိခွင့်၊ လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ဟောပြောခွင့် စတဲ့ ရပိုင်ခွင့်တွေကို အသုံးချပြီး လုပ်ယူရတာဖြစ်လို့ တကယ်လို့ ဒီရပိုင်ခွင့်တွေသာ မရှိဘူးဆိုရင် လူထုပညာပေးရေးကို လုပ်ရာမှာ အခက်အခဲအများကြီး ရှိနိုင်ပါတယ်။ အခြေခံဥပဒေကနေ လုပ်ပိုင်ခွင့်ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းပေးနိုင်မှသာ လူထု ပညာပေးရေးကို လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုရပိုင်ခွင့်တွေကို အခြေခံဥပဒေမှာ ရှိနေအောင် အရင်လုပ်ရပါတယ်။ မရှိသေးရင် တောင်းဆိုရပါတယ်။

ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံကို ပြည်သူက ပိုင်ပါတယ်။ ဒါကြောင့် နိုင်ငံ့အာဏာကိုပါ ပြည်သူက ပိုင်ပါတယ်။ အစိုးရဆိုတာ အခြေခံဥပဒေအရ လူထုက ရွေးချယ်တင်မြှောက်ထားသူတွေဘဲ ဖြစ်ပါတယ်။ နှစ်ကာလ အကန့်အသတ်နဲ့ အစိုးရ အလုပ်တွေကို လုပ်ရပါတယ်။ ဥပဒေပြုလွှတ်တော်အမတ်တွေ ဆိုတာကလည်း အခြေခံဥပဒေအရ လူထုကဘဲ ရွေးချယ်တင်မြှောက်ထားသူတွေပါ။ သူတို့လည်း နှစ်အကန့်အသတ်နဲ့ဘဲ တာဝန်ယူရပါတယ်။ တသက်လုံး၊ ဆွေစဉ် မျိုးဆက်တခုလုံး အစိုးရအလုပ်တွေကို လုပ်ခွင့်ရှိတယ်လို့ ဘယ်အခြေခံဥပဒေကမှ မပြဋ္ဌာန်းကြပါဘူး။ တကယ်လို့ ပြဋ္ဌာန်းတယ်ဆိုရင် ဒါဟာ အာဏာရှင်တွေရဲ့စိတ်ကြိုက် အခြေခံဥပဒေဖြစ်နေလို့ လူထုက လက်ခံကြမှာ မဟုတ်ပါဘူး။

အစိုးရစီမံခန့်ခွဲရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်ကြီး (၃)ရပ်မှာရှိတဲ့ လုပ်ပိုင်ခွင့်အာဏာဆိုတာ နိုင်ငံ့အာဏာပါဘဲ။ ပြည်သူတွေ ထာဝရပိုင်တဲ့အာဏာ ဖြစ်ပါတယ်။ ဒါကို ရွေးချယ်တင်မြှောက်ခံထားရသူတွေက အချိန်အကန့်အသတ်နဲ့ တာဝန်ယူပြီး လူထုအကျိုးကိုသာ လုပ်ရပါတယ်။ ပြည်သူတွေရဲ့ လွတ်လပ်တဲ့ ဆန္ဒနဲ့အညီ တိတိကျကျ ဖြစ်စေရပါတယ်။

တာဝန်ယူထားတဲ့ကာလတွေမှာ တာဝန်ရှိသူတွေဟာ များသောအားဖြင့် လုပ်ပိုင်ခွင့်အာဏာရလာတာနဲ့ ဖောက်ပြန်တတ်ကြပါတယ်။ ဒါကြောင့် သူတို့အတွက် တိကျတဲ့တာဝန်တွေကို အခြေခံဥပဒေနဲ့ ပြဌာန်းထားရပါတယ်။ အခြေခံဥပဒေဆိုတာ ပြည်သူလူထုကို အုပ်ချုပ်ဖို့ စည်းမျဉ်းတွေဘဲ မဟုတ်ပါဘူး။ အုပ်ချုပ်ဖို့ တာဝန်ယူထားတဲ့ အစိုးရကိုလည်း တိတိကျကျ တာဝန်ယူနိုင်အောင်၊ လုပ်ပိုင်ခွင့်ဘောင်ထက် မကျော်လွန်အောင် ထိန်းချုပ်ထားတဲ့ စည်းမျဉ်းလည်း ဖြစ်ပါတယ်။

လုပ်ပိုင်ခွင့်အာဏာကို ယာယီရယူထားသူတွေဟာ အခြေခံဥပဒေကို လေးစား လိုက်နာထိန်းသိမ်းရပါတယ်။ ဒါဟာ သူတို့အတွက် အဓိကတာဝန်ကြီးတရပ် ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်က စံနမူနာပြပြီး ရှေ့ကနေ လုပ်ဆောင်ပေးနိုင်မှ ပြည်သူတွေကလည်း အခြေခံဥပဒေကို လေးစားလိုက်နာလာကြမှာ ဖြစ်ပါတယ်။ ပြည်သူတွေဘက်က လေးစားလိုက်နာဖို့ ပျက်ကွက်ရင် အစိုးရတာဝန် ယူထားသူတွေက ချက်ချင်းအရေးယူပေမယ့် တာဝန်ရှိသူတွေဘက်က ပျက်ကွက်တဲ့အခါမှာ ဆိုရင်တော့ ချက်ချင်းအရေးယူဖို့ တခါတလေမှာ ခက်ခဲလှပါတယ်။ ဒီလိုအခါမှာ တက်ကြွလှုပ်ရှားသူတွေက ချက်ချင်း ထောက်ပြပြီး ကန့်ကွက်ရပါတယ်။ ဒါကြောင့် တက်ကြွလှုပ်ရှားသူတွေဟာ အခြေခံဥပဒေရေးရာ အားလုံးကို နှံ့နှံ့စပ်စပ် သိထားကြရသလို အာဏာပိုင်တွေ ခြေလှမ်းမှား-မမှားကိုလည်း အမြဲ စောင့်ကြည့်နေကြရပါတယ်။

ကန့်ကွက်ဆန့်ကျင်ဝေဖန်ခံရတာကို အစိုးရတွေက အဓိပ္ပာယ်တမျိုးကောက်တတ်ကြပါတယ်။ အပြုသဘောလို့ မယူဆကြတာ များပါတယ်။ ဒီမိုကရေစီအစိုးရတချို့တောင်မှ ကန့်ကွက်ဆန့်ကျင်ဝေဖန်တာ မခံနိုင်ကြပါဘူး။ အာဏာရှင်နိုင်ငံတွေ၊ သီအိုကရေစီနိုင်ငံတွေမှာ ပိုဆိုးပါတယ်။ ကန့်ကွက်ဆန့်ကျင်ဝေဖန်ခံရတယ်ဆိုတာ များသောအားဖြင့် အစိုးရပေါ်လစီမှာ တခုခုက မှားနေလို့၊ ပျက်ကွက်လို့၊ အားနည်းနေလို့ ဖြစ်ရတာပါ။

ဒါပေမယ့် အစိုးရတွေက သူတို့ အားနည်းတာ၊ မှားတာကို ဝန်မခံရဲကြပါဘူး။ မဖြစ်မနေ ဝန်ခံရပြီ ဆိုရင်တောင် သူတို့လက်အောက်က အမှုထမ်းတွေအပေါ် အပြစ်ပုံချတတ်ပါတယ်။ ဒါမှမဟုတ်လည်း မရိုးသားတဲ့နည်းတွေ လှည့်စားတတ်ပါတယ်။ ဒီလိုအစိုးရမျိုးဟာ မိမိလုပ်သမျှ မိမိသာ တာဝန်ယူရမယ် (Accountability) ဆိုတဲ့ ဒီမိုကရေစီအခြေခံမှုကို မကျင့်သုံးနိုင်တဲ့ အစိုးရပါဘဲ။ ဒီမိုကရေစီကို ကောင်းကောင်း နားမလည်တာလည်း ဖြစ်နိုင်ပါတယ်။ ဒီမိုကရေစီကို ဖန်းပြပြီး အာဏာရှင်လုပ်နေတဲ့ အစိုးရလည်း ဖြစ်နိုင်ပါတယ်။ ဒါမျိုးတွေရှိနေတယ်ဆိုရင် အခြေခံဥပဒေမှာ အားနည်းချက်တွေ၊ ယိုပေါက်တွေ ရှိနေပြီဆိုတာ ပြသနေပါတယ်။ တက်ကြွလှုပ်ရှားသူတွေကို စိန်ခေါ်နေတဲ့ကိစ္စပါဘဲ။

ပိုဆိုးတာက အစိုးရတွေဟာ သူတို့ပေါ်လစီကို ပြုပြင်ပြောင်းလဲပေးဖို့ ဆန္ဒမရှိကြတာဘဲ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ဖို့အတွက်ဆိုရင် အစိုးရမှာ ပေါ်လစီပြောင်းဖို့ ဆန္ဒရှိသည်ဖြစ်စေ-မရှိသည်ဖြစ်စေ လူထုလိုလားချက်အတိုင်း လိုက်လုပ်ပေးရမှာ ဖြစ်ပါတယ်။ အစိုးရက ပေကပ်ကပ်နဲ့ လစ်လျူရှုနေရင် တက်ကြွလှုပ်ရှားသူတွေက တောင်းဆိုလာကြမှာပါဘဲ။ တကယ်တော့ အစိုးရဆန့်ကျင်ရေးတွေ ဖြစ်လာအောင် မီးမွှေးပေးသူဟာ အစိုးရကိုယ်တိုင်ဘဲ ဖြစ်ပါတယ်။

အစိုးရကို ဆန့်ကျင်ဝေဖန်-နှိုးဆော်တိုက်တွန်းဖို့ လူထုက လှုပ်ရှားတာမျိုးဟာ အတိုက်အခံနိုင်ငံရေးပါတီတွေက အစိုးရကို တရားဝင် ကန့်ကွက်တဲ့ပုံစံမျိုး မဟုတ်ပါဘူး။ ဒ့ါအပြင် လွှတ်တော်အတွင်းမှာ အတိုက်အခံအမတ်တွေ၊ တသီးပုဂ္ဂလအမတ်တွေက တရားဝင်ကန့်ကွက်တဲ့ ပုံစံမျိုးလည်း မဟုတ်ပါဘူး။ ဒီလိုဖြစ်နေလို့ တက်ကြွလှုပ်ရှားသူတွေကို အစိုးရက ဥပဒေတွေကို လိုရာဆွဲသုံးပြီး ဖြိုခွဲနှိပ်ကွပ်ခွင့် ရနေသလို ဖြစ်နေပါတယ်။ ဥပမာ- လှုပ်ရှားတက်ကြွသူတွေကို ရာဇဝတ်မှု ကျူးလွန်တယ်လို့ စွပ်စွဲပြီး အရေးယူအပြစ်ပေးတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် လူထုလှုပ်ရှားမှုတွေကို အန္တရာယ်ကင်းကင်း လုပ်နိုင်ဖို့ အခြေခံဥပဒေမှာ လူ့အခွင့်အရေးကို အပြည့်အဝ အာမခံထားရပါမယ်။ ဒီမိုကရေစီ ရပိုင်ခွင့်တွေ ရှိနေရပါမယ်။

အခြေခံဥပဒေမှာ လူထုလှုပ်ရှားမှုကို မဖြစ်မနေ ခွင့်ပြုဖို့ သိပ်အရေးကြီးတယ်ဆိုတာ ထင်ရှားနေပါပြီ။ တက်ကြွလှုပ်ရှားသူတွေအနေနဲ့ ဒါကိုသဘောပေါက်ကြရပါမယ်။ ဒီအကြောင်းကို လူထုကိုလည်း မီဒီယာကတဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနေရပါမယ်။ လူထုကိုယ်တိုင် သဘောပေါက်နေမှလည်း ရွေးကောက်ပွဲနဲ့ ဆန္ဒခံယူပွဲတွေမှာ အမှန်ကန်ဆုံး မဲပေး

ရွေးချယ်နိုင်ကြမှာ ဖြစ်ပါတယ်။

လူထုအကျိုးအတွက် ခိုင်မာတဲ့ အခြေခံဥပဒေ ဖြစ်ပေါ်လာဖို့၊ လက်တွေ့ကျင့်သုံးနိုင်ဖို့၊ ရေရှည်ထိန်းသိမ်းနိုင်ဖို့ဆိုတာ အလွန်အရေးကြီးတဲ့ တာဝန်တွေပါဘဲ။ ဒီလိုတာဝန်ကြီးတွေကို အစိုးရနဲ့တကွ နိုင်ငံရေးပါတီတွေ၊ ပြည်သူတွေက ဝိုင်းဝန်း လုပ်ဆောင်ကြရပါတယ်။ တာဝန်ယူကြရပါတယ်။ သူတို့တာဝန်ယူနိုင်အောင် ပညာပေးတာ၊ တိုက်တွန်းနှိုးဆော်တာ၊ မရရအောင် တိုက်ပွဲဝင်ပေးရတာတွေဟာ တကယ်တော့ တက်ကြွလှုပ်ရှားသူတွေရဲ့ တာဝန်ဘဲ ဖြစ်ပါတယ်။

## တက်ကြွလှုပ်ရှားသူနဲ့ နိုင်ငံရေးသမား

တက်ကြွလှုပ်ရှားသူတွေဟာ နိုင်ငံရေးကိစ္စတွေကိုဘဲ လုပ်တတ်တယ်လို့ လူအများက နားလည်သဘောပေါက်ကြပါတယ်။ ဒါကြောင့်လည်း သူတို့ဟာ နိုင်ငံရေးသမားတွေလို့ အထင်ခံရပါတယ်။

အမှန်တကယ်မှာတော့ တက်ကြွလှုပ်ရှားသူတိုင်းဟာ နိုင်ငံရေးသမားတွေ မဟုတ်ကြပါဘူး။ အခြားပညာရှင်တွေ၊ ပညာရှင် မဟုတ်သူတွေလည်း အထိုက်အလျောက် ရောနှောပါဝင်နေတတ်ပါတယ်။ တက်ကြွလှုပ်ရှားတာက နိုင်ငံရေးကိစ္စ ဖြစ်ကောင်းဖြစ်ပါမယ်။ ဒါပေမယ့် လုပ်ပုံကိုင်ပုံတွေကတော့ နိုင်ငံရေးသမားတဦးနဲ့မတူပါဘူး။ အကျိုးသက်ရောက်စေတဲ့အပိုင်းမှာလည်း ကွာခြားပါတယ်။

တက်ကြွလှုပ်ရှားသူတွေဟာ အစိုးရကိစ္စတွေရော လူထုရေးရာကိစ္စတွေမှာပါ လှုပ်ရှားတတ်ပါတယ်။ အစိုးရကိစ္စတွေဘက်မှာဆိုရင် အစိုးရအာဏာပိုင်တွေ၊ နိုင်ငံရေးပါတီတွေနဲ့ပတ်သက်တဲ့ နိုင်ငံရေးကိစ္စ၊ ပြည်ပရေးရာကိစ္စတွေ ရှိပါတယ်။ လူထုရေးရာဘက်မှာဆိုရင် လူထုနဲ့ပတ်သက်နေတဲ့ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ အစရှိတာတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေ ရှိပါတယ်။ ဒါကြောင့် တက်ကြွလှုပ်ရှားမှုတိုင်းဟာ နိုင်ငံရေးနဲ့ဘဲ ပတ်သက်နေမှာ မဟုတ်နိုင်ပါဘူး။

ဥပမာ-ရုပ်ရှင်မင်းသား ကျော်သူ ဦးဆောင်လုပ်ကိုင်ပေးနေတဲ့ အခမဲ့ အသုဘချပေးတဲ့ လူမှုရေးလုပ်ငန်းဟာ တက်ကြွလှုပ်ရှားမှုဖြစ်ပေမယ့် နိုင်ငံရေးနဲ့မပတ်သက်ပါဘူး။ ပြီးတော့ နာဂစ်လေမုန်တိုင်း ဒုက္ခသည်တွေကို စေတနာ့ဝန်ထမ်းကူညီစောင့်ရှောက်ပေးတာတွေ၊ HIV/AIDS ဝေဒနာရှင်တွေကို ဆေးကုသ စောင့်ရှောက်ပေးတာ၊ ပညာပေးတာတွေကလည်း နိုင်ငံရေးနဲ့ မပတ်သက်ပါဘူး။ သူတို့ဟာ တက်ကြွလှုပ်ရှားသူတွေ ဖြစ်ကြပေမယ့် နိုင်ငံရေးသမားတွေ မဟုတ်ကြပါဘူး။ လူ့အသိုင်းအဝိုင်းထဲမှာ ပြည်သူတွေ အဆင်ပြေပြေနေနိုင်အောင် လုပ်ဆောင်သင့်တဲ့ လူထုအခန်းကဏ္ဍ (Role)ကနေ လုပ်ပေးနေကြတာဘဲ ဖြစ်ပါတယ်။

ဒါမျိုးကို အမျိုးသားနိုင်ငံရေး ဖြစ်သလိုလို ပြောဆိုတတ်ကြပါတယ်။ အမှန်မှာတော့ နိုင်ငံရေး (Politics)ရဲ့ အဓိပ္ပာယ်ကို လိုရာဆွဲတွေးနေသလို ဖြစ်နေပါတယ်။

နိုင်ငံရေးသမားဆိုတာ ပါတီနိုင်ငံရေးမှာ ပါဝင်လှုပ်ရှားတဲ့သူ ဖြစ်ပါတယ်။ အင်္ဂလိပ်လို Politician ဖြစ်ပါတယ်။ ဒ့ါအပြင် အစိုးရ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုမဏ္ဍိုင်မှာ ပါဝင်နေသူတွေလည်း နိုင်ငံရေးသမားတွေ ဖြစ်ကြပါတယ်။ ဒေသဆိုင်ရာ အစိုးရအဆင့်တွေမှာလည်း နိုင်ငံရေးသမားတွေရှိကြပါတယ်။ ချွင်းချက်အနေနဲ့ တရားရေးမဏ္ဍိုင်အပြင် စစ်ဘက်၊ ရဲဘက်ကနေ နိုင်ငံရေးဘက်ကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သူတွေ ရှိတတ်ပါတယ်။ သူတို့ဟာ နိုင်ငံရေးအမြင် ထက်သန်တာလို့၊ နိုင်ငံရေးလှုပ်ရှားတာတွေမှာတော်လို့ ရွေးကောက်ခန့်ထားခံရသူတွေပါဘဲ။ ဒီချွင်းချက်ကလွဲလို့ တရားသူကြီး၊ ရဲ အစရှိတဲ့ ဥပဒေထိန်းသိမ်းရေးသမားအားလုံး၊ စစ်မှုထမ်းဆောင်နေသူအားလုံးတို့ဟာ နိုင်ငံရေးသမားတွေ မဟုတ်ကြပါဘူး။ မဲပေးနိုင်ကြတဲ့ ရိုးရိုးအရပ်သားပြည်သူတွေလည်း နိုင်ငံရေးသမားတွေ မဟုတ်ကြပါဘူး။ ဒီလိုဘဲ လူထုကြားထဲက ထွက်ပေါ်လာတဲ့ တက်ကြွလှုပ်ရှားသူတွေကလည်း နိုင်ငံရေးသမားတွေ မဟုတ်ပါဘူး။

လုပ်ငန်းသဘောအရ တက်ကြွလှုပ်ရှားသူ (Activist) ဟာ နိုင်ငံရေးသမား (Politician) နဲ့ မတူဘူးဆိုတာကို ရှင်းနေပါတယ်။ နိုင်ငံရေးသမားတဦးဟာ သူလုပ်နေတဲ့ နိုင်ငံရေးအပြင် တက်ကြွလှုပ်ရှားမှုတွေမှာ ပါဝင်လုပ်ဆောင်လို့ ရပေမယ့် တက်ကြွလှုပ်ရှားသူတဦးကတော့ နိုင်ငံရေးသမားတဦးလို လုပ်နိုင်ဖို့ အရေးပါတဲ့ အချို့အရည်အချင်းတွေ မဖြစ်မနေ ရှိနေရပါတယ်။ ဥပမာ- နိုင်ငံရေးသမားတဦးဖြစ်လာဖို့ နိုင်ငံရေးအရည်အသွေး မရှိမဖြစ် လိုအပ်ပါတယ်။ ကိုယ်ကျင့်တရား

ကောင်းမွန်ရပါမယ်။ လူထုက ယုံကြည်ထောက်ခံရပါမယ်။ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီကနေ တရားဝင် လှုပ်ရှားနိုင်တဲ့ အခွင့်အရေးမျိုး ရှိရပါမယ်။ ဒါမျိုးတွေ အနည်းဆုံး တခုမက လိုအပ်ပါတယ်။

ဒီမိုကရေစီ မဖြစ်သေးတဲ့ နိုင်ငံတွေမှာဆိုရင်တော့ တရားဝင်တာ-မဝင်တာက သိပ်အရေးကြီးပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီ မဟုတ်ရင် အာဏာရှင်စနစ်ဘဲ ဖြစ်နေတာကြောင့် အာဏာရှင်အစိုးရတွေက တရားဝင် နိုင်ငံရေးလုပ်ခွင့် ပေးလေ့ပေးထမရှိလို့ ဖြစ်ပါတယ်။ ပေးရင်တောင်မှ အတုအယောင် ဟန်ဆောင်ထားတာတွေ ဖြစ်နေတတ်ပါတယ်။ ဥပမာ- မြောက်ကိုးရီးယားနိုင်ငံမှာ နိုင်ငံရေး လုပ်နိုင်တယ်ဆိုတဲ့ ပါတီ(၃)ခုရှိပေမယ့် အားလုံးကို အာဏာရှင် ကင်ဂျုံအီးကဘဲ ချုပ်ကိုင်ထားပါတယ်။

များသောအားဖြင့် နိုင်ငံရေးဆိုတာ မခံချင်လို့ လုပ်ကြတာ ဖြစ်ပါတယ်။ အစိုးရ အုပ်ချုပ်သူတွေရဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ မကျေနပ်နိုင်လို့၊ အားမရနိုင်လို့ မိမိကလည်း နစ်နာဆုံးရှုံးတာကို မခံနိုင်၊ အခြားသူတွေကိုလည်း နစ်နာဆုံးရှုံးတာတွေ မဖြစ်စေလိုတာကြောင့် တက်ကြွလှုပ်ရှားရာကနေ နိုင်ငံရေး အရည်အသွေးတွေ ပြည့်ဝလာတဲ့အခါမှာ နိုင်ငံရေးသမားတွေ ဖြစ်လာကြရတာဘဲ ဖြစ်ပါတယ်။ နိုင်ငံရေးလုပ်ဖြစ်သွားအောင် အခြေအနေတွေက တွန်းပို့လိုက်တာဘဲလို့ ယူဆနိုင်ပါတယ်။

နိုင်ငံရေးသမား ဖြစ်လာသူတွေကို ကြည့်လိုက်ရင် အကြမ်းအားဖြင့် သုံးမျိုး ရှိပါတယ်။ ပထမတမျိုးကတော့ တက်ကြွလှုပ်ရှားမှုကနေ နိုင်ငံရေးသမား ဖြစ်လာကြသူတွေ ဖြစ်ပါတယ်။ ဒုတိယတမျိုးကတော့ နိုင်ငံရေးပညာကို အပတ်တကုတ်လေ့လာသင်ယူပြီး ဖြစ်လာကြသူတွေပါ။ နောက်ဆုံးအမျိုးအစားကတော့ မိဘဆွေမျိုး ဒါမှမဟုတ် (အလွန်)နီးစပ်ရာတွေဆီက အမွေဆက်ခံတာ (Nepotism) ဖြစ်ပါတယ်။ ဥပမာ- မိဘ၊ ခင်ပွန်း၊ ဇနီး၊ မောင်နှမတွေဆီက နိုင်ငံရေးအမွေ ဆက်ခံတာ ဖြစ်ပါတယ်။

များသောအားဖြင့် တက်ကြွလှုပ်ရှားမှုတွေက အရှိန်ရလာပြီဆိုရင် သူတို့ဘက်ကို အတိုက်အခံ နိုင်ငံရေးသမားတွေက ဝင်ရောက်ပူးပေါင်း အားဖြည့်ပေးတတ်ကြပါတယ်။ နိုင်ငံရေးလမ်းကြောင်းကနေ အစိုးရနဲ့ တိုက်ရိုက်တွေ့ဆုံဖြေရှင်းရာမှာ နိုင်ငံရေး တတ်ကျွမ်းနားလည်သူတွေ ပါဝင်နေမှ အဆင်ပြေပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရဆိုတာ နိုင်ငံရေးလုပ်နေတာ ဖြစ်လို့ပါဘဲ။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းရတာဖြစ်လို့ နိုင်ငံရေးသမားအချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့နည်းလမ်းက အကောင်းဆုံး ဖြစ်ပါတယ်။ နောက်တချက်ကတော့ အတိုက်အခံ နိုင်ငံရေးသမားတွေက တက်ကြွလှုပ်ရှားသူတွေဘက်မှာ အခိုင်အမာ ရပ်တည်ပေးနေတာဖြစ်လို့ လှုပ်ရှားသူတွေကို အစိုးရက ရာဇဝတ်မှုကျူးလွန်သူတွေလို့ စွပ်စွဲပြီး အရေးမယူနိုင်အောင် တနည်းတလမ်းအားဖြင့် အကာအကွယ်ပေးထားရာရောက်လို့ ဖြစ်ပါတယ်။

ဒါပေမယ့် တက်ကြွလှုပ်ရှားသူတွေနဲ့ အတိုက်အခံနိုင်ငံရေးသမားတွေ ပူးပေါင်းချိန်မျိုးမှာ နိုင်ငံရေး အမြတ်ထုတ်လိုသူတွေ ထွက်ပေါ်လာတတ်ပါတယ်။ အစိုးရဘက်က ဒလံတွေလည်း စိမ့်ဝင်လာတတ်ပါတယ်။ အထူးသဖြင့် လှုပ်ရှားမှုက အရှိန်ကောင်းလာပြီး လူထုပါဝင်ထောက်ခံလာတဲ့အခါမျိုးမှာ ဖြစ်တတ်ပါတယ်။ ဒါကြောင့် ဘယ်သူတွေဟာ နိုင်ငံရေးသမားအရေခြုံဖြစ်နိုင်သလဲ၊ ဘယ်သူတွေက ဒလံတွေဖြစ်သလဲ ဆိုတာကို တက်ကြွလှုပ်ရှားသူတွေက သဘောပေါက် နားလည်ထားဖို့ လိုအပ်ပါတယ်။

တက်ကြွလှုပ်ရှားသူတွေဟာ စေတနာ၊ အနစ်နာ၊ ဝါသနာဆိုတဲ့ နာ(၃)နာနဲ့ လုပ်ပေးနေကြတာဖြစ်လို့ ကျောင်းဆရာတွေ၊ တရားဟောသူတွေလို မွန်မြတ်တဲ့ စိတ်ဓါတ်နဲ့အပြုအမူတွေ ရှိနေကြပါတယ်။ နိုင်ငံရေးသမားကောင်းတွေမှာလည်း ဒီလို နာ(၃)နာနဲ့ ပြည့်စုံကြပါတယ်။ ဒါကြောင့်လည်း မွန်မြတ်တဲ့ စိတ်ဓါတ်နဲ့အပြုအမူအရ တက်ကြွလှုပ်ရှားသူတွေကို နိုင်ငံရေးသမားတွေလို့ တင်စားကြတာ ဖြစ်ပါတယ်။

(ဆက်လက်ရေးသားဖော်ပြပါဦးမည်။)

လွင်အောင်စိုး
၂၀၀၉ မတ်လ